SSR BACKGROUNDER

# Security Sector Governance

# လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု

## ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံမူများကို လုံခြုံရေးကဏ္ဍအပေါ်သက်ရောက်စေခြင်း

### ယခုစာစဉ်အတွဲများအကြောင်း

SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် (SSG) လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး နှင့် (SSR) လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်သည့် ခေါင်းစဉ်များ နှင့် အယူအဆများကို ကျစ်လစ်ပြည့်စုံစွာ မိတ်ဆက်ပေးထားပါသည်။ ယခုစာစဉ်အတွဲလိုက်သည် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ ပေါ်လစီများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေး နှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ်နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အရင်းအမြစ်တစ်ခုပင်ဖြစ်ပေသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲ၏ အကြောင်း

ယခု SSR နောက်ခံအကြောင်းအရာလက်စွဲသည် လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု (SSG) အယူအဆ အကြောင်း ရေးထားခြင်းဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွင်း နိုင်ငံနှင့် လူသားတို့လုံခြုံရေးအပေါ်တွင် တန်ခိုးသြဇာနှင့် လုပ်ပိုင်ခွင့်အာဏာတို့အား မည်သို့ ကျင့်သုံးပုံကို နားလည်နိုင်သိရှိနိုင်ရန် နည်းလမ်းအား အုပ်ချုပ်မှုဟူသည့် အယူအဆက ဖြည့်ဆည်းပေးပါသည်။

လုံခြုံရေးကဏ္ဍအပေါ်တွင် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အခြေခံမူများကို သက်ရောက်စေခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည်-


- အုပ်ချုပ်မှု ဆိုသည်မှာ အဘယ်နည်း၊ ယင်းသည် လုံခြုံရေးနှင့် မည်သို့ သက်ဆိုင်သနည်း? *စာမျက်နှာ ၂*
- ကောင်းမွန်သော SSG ကား အဘယ်နည်း? *စာမျက်နှာ ၃*
- SSG နှင့် ကောင်းမွန်သော SSG တို့အကြား ကွာခြားချက်ကား အဘယ်နည်း? *စာမျက်နှာ ၄*
- ကောင်းမွန်သော SSG ၏ စံပြအသွင်လက္ခဏာများကား အဘယ်နည်း? *စာမျက်နှာ ၅*
- ညံ့ဖျင်းသော SSG ကအဘယ်သို့သော ပြဿနာအခက်အခဲများကို ဖြစ်စေသနည်း? *စာမျက်နှာ ၆*
- ကောင်းမွန်သော SSG အတွက် ကြီးကြပ်ထိန်းချုပ်မှု အဘယ်ကြောင့် မရှိမဖြစ်လိုအပ်ရသနည်း? *စာမျက်နှာ ၇*
- ကောင်းမွန်သော SSG သည် SSR နှင့် အဘယ်သို့ ဆက်နွယ်နေသနည်း? *စာမျက်နှာ ၈*



DCAF

a centre for security,
development and
the rule of law

## အုပ်ချုပ်မှု ဆိုသည်မှာ အဘယ်နည်း၊ ယင်းသည် လုံခြုံရေးနှင့် မည်သို့ သက်ဆိုင်သနည်း?

အုပ်ချုပ်မှုဆိုသည်မှာ လုပ်ပိုင်ခွင့် နှင့် အခွင့်အာဏာကို ကျင့်သုံးခြင်းဖြစ်ပါသည်။ ကုမ္ပဏီတစ်ခု သို့မဟုတ် အစိုးရ အဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းတစ်ခုအား လည်ပတ်စေသည့် အခြေခံစည်းမျဉ်းဥပဒေသများကို ဖော်ညွှန်းရာတွင် "အုပ်ချုပ်မှု" ဆိုသည့် စကားရပ်အား အသုံးပြုနိုင်ပါသည်။ သို့သော် "အုပ်ချုပ်မှု" သည် မည်သည့်ပြည်သူ့ဝန်ထမ်းရွက်ခြင်းမဆိုအား ပုံဖော်ပေးသည့် တရားဝင်နှင့် အလွတ်သဘောဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်သူများနှင့် တန်ဖိုးများ စသည်တို့ အားလုံးကိုလည်း ဆိုလိုသေးရာတွင် ယခုဒုတိယမြောက် ပိုမိုကျယ်ဝန်းသည့် အဓိပ္ပာယ်တွင် အုပ်ချုပ်ရေးက လုံခြုံရေးအပေါ် သက်ရောက်ပါသည်ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ **လုံခြုံရေးအား အုပ်ချုပ်မှု တစ်ခုအနေဖြင့်စဉ်းစားခြင်းသည် အသုံးဝင်ပါသည်၊ အကြောင်းမှာ နိုင်ငံနှင့် နိုင်ငံမဟုတ်သော ဇာတ်ကောင်များက လုံခြုံရေးအပေါ်တွင် လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာကို မည်သို့ကျင့်သုံးသည်ကို အလေးပေးဖော်ပြသည့်အတွက်ဖြစ်ပြီး၊ ကျင့်သုံးရာတွင် တရားဝင်ကော အလွတ်သဘောပါဖြစ်ကြကာ နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့် နှင့် အရပ်ဒေသတွင်း အဆင့်တို့ဖြစ်ကြပါသည်။**

**အုပ်ချုပ်မှု ဆိုသည်မှာ လွှမ်းခြုံဖော်ပြသည့် စကားရပ်ဖြစ်ပြီး လုံခြုံရေးနှင့် ယင်းအားအကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ပုံဖော်ခြင်းအခန်းကဏ္ဍတွင် နိုင်ငံတကာ၊ နိုင်ငံနှင့် ဒေသန္တရ ဆောင်ရွက်သူများ အားလုံးက မည်သို့ပါဝင်ဆောင်ရွက်ကြသည်ကို ယေဘုယျရှင်းလင်းပြနိုင်ရန် အသုံးပြုနိုင်ပါသည်။** လုံခြုံရေးအား အုပ်ချုပ်မှုသည် လုံခြုံရေးလုပ်ငန်း အထွေထွေ လည်ပတ်ပုံကို အလေးပေးထားပါသည်၊ SSG က သီးသန့်အလေးပေးသည်မှာ နိုင်ငံတစ်နိုင်ငံရှိ လုံခြုံရေးကဏ္ဍအတွင်း လုံခြုံရေးနှင့် ယင်းတို့အားအကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ်တွင် ဖြစ်ပါသည် (ပုံ(၁)ကိုကြည့်ပါ)။

**ပုံ(၁) အုပ်ချုပ်ရေးအနေဖြင့် လုံခြုံရေးအား ယေဘုယျအနေဖြင့် သို့မဟုတ် သတ်သတ်မှတ်မှတ် အဆင့်တစ်ခုအတွက်သာ ဖော်ပြနိုင်ပါ သည်။**

**အုပ်ချုပ်မှု**
- ကျန်းမာရေး၊ ပညာရေး (သို့) လုံခြုံရေး စသည့် ပြည်သူ့ဝန်ထမ်းခြင်းအား သက်ရောက်သည့် လုပ်ပိုင်ခွင့်နှင့် အာဏာအာ ကျင်းသုံးမှု
- ဆုံးဖြတ်ချက်နှင့် အကောင်အထည်ဖော်ခြင်းတို့အား ပုံဖော်သည့် အစိုးရ၏ တရားဝင် ဆုံးဖြတ်ချက်အပါအဝင်၊ အလွတ်သဘောဖြစ်သည့် လုပ်ငန်းစဉ်များ၊ လုပ်ကိုင်ဆောင်ရွက်မှုပြုသူများနှင့် တန်ဖိုးထားမှုများ စသည့် ယေဘုယျအယူအဆ

▼

**လုံခြုံရေးဆိုင်ရာအပေါ် အုပ်ချုပ်မှု**
- အစိုးရ၏ ယူဆချက်သဘောတရားက ယေဘုယျလုံခြုံရေးအပေါ်သက်ရောက်
- နိုင်ငံပိုင်နှင့် နိုင်ငံပိုင်မဟုတ်သော ဆောင်ရွက်သူများ၊ တရားဝင်နှင့် အလွတ်သဘော လွှမ်းမိုးမှုများ၊ နိုင်ငံတကာ နှင့် နိုင်ငံတွင်း နှင့် ဒေသန္တရ အဆင့်များ စသည်တို့အား စဉ်းစားသုံးသပ်ပါသည်။

▼

**လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု**
- နိုင်ငံ၏ သတ်သတ်မှတ်မှတ် အခင်းအကျင်းတစ်ခုတွင် အစိုးရ၏ အယူအဆသဘောတရားက လုံခြုံရေးဆောင်ရွက်မှုအပေါ် သက်ရောက်ပါသည်။
- နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်တို့တွင်းရှိ လုံခြုံရေးအားဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့တွင် ပါဝင်သော အားလုံးသော ဖွဲ့စည်းပုံ၊ အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်သူများကို တရားဝင်နှင့် အလွတ်သဘောလွှမ်းမိုးမှုအပေါ် အလေးပေးပါသည်။

**အစိုးရနှင့် အုပ်ချုပ်မှု မတူပါ** အစိုးရဟူသည်မှာ နိုင်ငံအား ထိန်းချုပ်သည့် အဖွဲ့အစည်းဖြစ်ပြီး၊ အုပ်ချုပ်မှုဆိုသည်မှာ ပိုမိုကျယ်ပြန့်သည့် စကားရပ်ဖြစ်ကာ လူ့အဖွဲ့အစည်းတွင်း ပြည်သူ့ဝန်ထမ်းရွက်ခြင်းအား မည်သို့ဆောင်ရွက်ပေးသည်အပေါ် လွှမ်းမိုးသည့် စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများ၊ သတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များ (တရားဝင်နှင့် အလွတ်သဘော နှစ်မျိုးလုံး) စသည်တို့အား ဖော်ပြပေးပါသည်။ မူဝါဒဆုံးဖြတ်ချက်များချမှတ်ခြင်း မဟာဗျူဟာများအား ဖြစ်ထွန်းစေခြင်း၊ အရင်းအမြစ်များအား ခွဲဝေနေရာချခြင်း ထို့ပြင် ဒီမိုကရေစီနိုင်ငံအနေဖြင့် ပြည်သူနိုင်ငံသားများအား ကိုယ်စားပြုခြင်း စသည်တို့ကို အစိုးရက ပြုလုပ်နေသမျှကာလပတ်လုံး **အုပ်ချုပ်မှုအား ဆောင်ရွက်ပေးသူမှာ အစိုးရများဖြစ်ပါသည်** - အစိုးရ၏ လုပ်ပိုင်ခွင့်နှင့် အာဏာအား ကျင့်သုံးမှုပြုခြင်းသည် လုံခြုံရေးကိစ္စအပါအဝင် ပြည်သူ့ဝန်ထမ်းရွက်ခြင်းအား တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

သို့ဖြစ်သော်လည်း မည်သည့်နိုင်ငံတွင်မဆို အစိုးရသည် ပြည်သူ့ဝန်ထမ်းရွက်ခြင်းအား လွှမ်းမိုးသည့် တစ်ဦးတည်းသော ဆောင်ရွက်သူမဟုတ်ပါ၊ ထို့ကြောင့် အုပ်ချုပ်မှု - အစိုးရသည် နိုင်ငံအနေဖြင့်မဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သူများနှင့် အတူတကွ အုပ်ချုပ်မှုကို ဆောင်ရွက်ပါသည် - ဥပမာ လုံခြုံရေးကိစ္စကဲ့သို့သော ပြည့်သူ့ဝန်ထမ်းရွက်ခြင်းအား သက်ရောက်မှုရှိသည့် စီးပွားဖြစ်လုပ်ငန်းများအား စည်းကမ်းကြပ်မတ်ခြင်းအားဖြင့် ဖြစ်ပါသည်။

ထို့ပြင် **အစိုးရမပါသည့် အုပ်ချုပ်မှု** ဆိုသည်မှာလည်း ရှိပါသေးသည်၊ ယင်းသည် နိုင်ငံအနေဖြင့်မဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သူများသည် လုံခြုံရေးအပါအဝင် ပြည်သူ့ဝန်ထမ်းရွက်ခြင်းအား သက်ရောက်မှုရှိသည့် နည်းလမ်းများဖြင့် လွတ်လပ်စွာဆောင်

ရွက်လုပ်ကိုင်နေသမျှကာလပတ်လုံးအတွက် ဖြစ်ရာ၊ ဥပမာ ရပ်ရွာအသိုက်အဝန်းများသည် မိမိကိုယ်ကိုကာကွယ်ရေးအဖွဲ့များဖွဲ့စည်းသောအခါ သို့မဟုတ် တခြားသော တရားစီရင်ရေးစနစ်များ ပြောင်းလဲအသုံးပြုသောအခါ စသည်တို့ဖြစ်ပါသည်။

လုံခြုံရေးအား အုပ်ချုပ်မှုရှုထောင့်ဘက်မှကြည့်၍ စဉ်းစားသုံးသပ်ခြင်းသည် အကျိုးရှိပါသည်၊ အကြောင်းမှာ ယင်းသည် အစိုးရ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ပါဝင်စေရုံမက အမျိုးမျိုးသော နိုင်ငံပိုင်နှင့် နိုင်ငံအနေဖြင့်မဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သူများသည် လုံခြုံရေးအား ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ထိန်းချုပ်ပေးမှု စသည်တို့အား မည်သို့ အကောင်းဘက်နှင့် အဆိုးဘက် လွှမ်းမိုးမှုရှိကြောင်းကိုလည်း မီးမောင်းထိုးပြသည့်အတွက်ကြောင့်ဖြစ်ပါသည်။

## ကောင်းမွန်သော SSG ကား အဘယ်နည်း?

ကောင်းမွန်သော SSG ဆိုသည်မှာ ကောင်းမွန်သော အုပ်ချုပ်ရေး အခြေခံမှုများကို နိုင်ငံ၏ လုံခြုံရေးကဏ္ဍအပေါ်တွင် သက်ရောက်စေခြင်းဖြစ်ပါသည်။ **အခြားသော ပြည်သူ့ကဏ္ဍလုပ်ငန်းများအား ဆောင်ရွက်ပေးသူများကဲ့သို့ ပြည်သူ့ဝန်ထမ်းရွက်ခြင်းအတွက် တူညီသည့် မြင့်မားသော စံနှုန်းများအောက်တွင် လုံခြုံရေးကဏ္ဍအားထားရှိသင့်သည်ဟူသည့် အတွေးအယူအဆအပေါ်တွင် ကောင်းမွန်သော SSG က အခြေတည်ထားပါသည်။**

ကောင်းမွန်သော SSG ၏ အခြေခံမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

– ***တာဝန်ခံမှု*** - လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည့် မျှော်မှန်းချက်များထားရှိပြီး လွတ်လပ်သော အာဏာပိုင်များက ယင်းမျှော်မှန်းချက်များကို ပြည့်မီနိုင်ခြင်းရှိမရှိ ကြီး ကြပ်မှုပြုကာ ပြည့်မီခြင်းမရှိပါက သတိပေးအရေးယူခြင်းများအား ချမှတ်ပါသည်။

– ***ပွင့်လင်းမြင်သာမှု*** - ဆုံးဖြတ်ချက်များ၏ သက်ရောက်မှုကို ခံရမည်ဖြစ်သည့် အကောင်ထည်ဖော်ဆောင်ခြင်းအကျိုး၏ သက်ရောက်ခြင်းကို ခံရမည့်သူများအတွက် သတင်းအချက်အလက်များ အတားအဆီးမရှိ ရယူသုံးစွဲနိုင်ပါသည်

– ***တရားဥပဒေ စိုးမိုးရေး*** - ပြည်သူလူထုအားချပြထားသည့် မျက်နှာမလိုက်ပဲ အာဏာသက်ရောက်စေသည့် နိုင်ငံတကာ နှင့် ပြည်တွင်း လူ့အခွင့်အရေးသတ်မှတ်ချက်များ စံနှုန်းများနှင့်လည်း ညီသည့် ဥပဒေများသည် နိုင်ငံအပါအဝင် အားလုံးသောသူများနှင့် အဖွဲ့အ စည်းများတို့အပေါ်သက်ရောက်မှုရှိရပါမည်။

– ***ပါဝင်ဆောင်ရွက်နိုင်ခြင်း*** - နောက်ခံအမျိုးမျိုးရှိသည့် အားလုံးသော အမျိုးသား နှင့် အမျိုးသမီးတို့တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းအား လွတ်လပ်မှု၊ သာတူညီမျှမှုနှင့် ပါဝင်နိုင်မှုရှိခြင်း အခြေခံတစ်ခုအပေါ်တွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိကြရာဝယ်၊ တိုက်ရိုက်သော်လည်းကောင်း၊ တရားဝင် ကိုယ်စားပြုအဖွဲ့အစည်းများမှသော်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ပါသည်။

– ***လျှင်မြန်ကောင်းမွန်သည့်တုံ့ပြန်နိုင်စွမ်း*** - လူထု၏အစိတ်အပိုင်းအားလုံးမှ အမျိုးမျိုးသော လုံခြုံရေးလိုအပ်ချက်များကို အဖွဲ့အစည်းများက နားလည်သိမြင်လွယ်ပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဝန်ဆောင်မှုပေးသည့်ယဉ်ကျေးမှု စိတ်ဓါတ်ထားကာ ဆောင်ရွက်ပါသည်။

– ***ထိရောက်မှု*** - သက်ဆိုင်ရာ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းတာဝန်များကို မြင်မားသော လုပ်ငန်းပိုင်းဆိုင် ရာ စံနှုန်းများဖြင့် အဖွဲ့အစည်းများက ဖြည့်ဆည်းဆောင်ရွက်ပါ သည်။

– ***စွမ်းရည်ပြည့်ဝမှု*** - သက်ဆိုင်ရာ အခန်းကဏ္ဍများ၊ တာဝန် ဝတ္တရားများနှင့် လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဖွဲ့အစည်းများသည် ပြည်သူ၏ အရင်းအမြစ်များကို ဖြစ်နိုင်သည့် အကောင်းဆုံးအနေအထားဖြင့် အသုံးပြုပါသည်။

▶ **လုံခြုံရေးကဏ္ဍ** နိုင်ငံအဆင့် နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား ဆောင်ရွက်၊ စီမံကာ ကြီးကြပ်ထိန်းချုပ်ပေးရန် တာဝန်ရှိသော ဖွဲ့စည်းတည်ဆောက်ပုံများ၊ အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များအားလုံးသည် လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

– **လုံခြုံရေးအားဆောင်ရွက်ပေးသူများ၊** ဥပမာ လက်နက်ကိုင်တပ်ဖွဲ့များ၊ ရဲအဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့များ၊ စုံစမ်းထောက်လှမ်းရေးအဖွဲ့များ၊ ပြစ်ဒဏ်စီရင်ရေးနှင့် စာရိတ္တပဲပြင်ရေးအဖွဲ့အစည်းများ၊ စီပွားဖြစ်နှင့် နိုင်ငံအပိုင်းမှမဟုတ်သည့် လုပ်ကိုင်ဆောင်ရွက်သူများ၊ အခြားမြောက်များစွာသောအဖွဲ့အစည်းများ၊

– **လုံခြုံရေးအား စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ထိန်းချုပ်ရေး အဖွဲ့များ၊** ဥပမာ အစိုးရဝန်ကြီးဌာနများ၊ လွှတ်တော်၊ ဥပဒေအရ ကြီးကြပ်ရေးပိုင်းနှင့်သက်ဆိုင်သည့် သီးခြားအဖွဲ့အစည်းများ၊ တရားရေးကဏ္ဍ၏ အစိတ်အပိုင်းများ၊ အမျိုးသမီးများဆိုင်သော အဖွဲ့အစည်းများနှင့် သတင်းမီဒီယာတို့ပါဝင်သော မြင့်မားသော စံနှုန်းများဖြင့် လူထုလုံခြုံရေးဆောင်ရွက်ရာတွင် ပတ်သက်သည့် လူမှုအဖွဲ့အစည်းမှ ပါဝင်ဆောင်ရွက်သူများ၊ အခြားသောအဖွဲ့များ၊

စသည်တို့အားလုံးပါဝင်ပါသည်။

လုံခြုံရေးကဏ္ဍ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အမျိုးမျိုးရှိကြသော်လည်း SSR သည် စစ်ဘက်အဖွဲ့အစည်းများ နှင့် စစ်တပ်မဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံပိုင်နှင့် နိုင်ငံပိုင်မဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သူများပါဝင်သည့် လုံခြုံရေးအားဆောင်ရွက်ပေးသော၊ စီမံခန့်ခွဲပေးသော၊ ကြီးကြပ်ထိန်းချုပ်ပေးသော အဖွဲ့များအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်စေသည့် လုံခြုံရေးကဏ္ဍအား ကျယ်ပြန့်စွာနားလည်လက်ခံမှုအပေါ်တွင်သာ အခြေခံထားပါသည်။

လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ ဆက်လက်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲဖြစ်သည့် "လုံခြုံရေးကဏ္ဍ" အား ကျေးဇူးပြု၍ ကိုးကားပါ။

## SSG နှင့် ကောင်းမွန်သော SSG တို့အကြား ကွာခြားချက်ကား အဘယ်နည်း?

**SSG ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကဏ္ဍသည် ပကတိအခြေအနေတွင် မည်သို့လှုပ်ရှားလည်ပတ်လျက်ရှိသည်ကို ဖော်ညွှန်းပြောဆိုရန် အသုံးပြုသည် အယူအဆ တစ်ခုဖြစ်ပါသည်။ ကောင်းမွန်သော SSG ဆိုသည်မှာ ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် နိုင်ငံနှင့် လူသားတို့လုံခြုံရေးအား နိုင်ငံက မည်ကဲ့သို့ဆောင်ရွက်ပေးသင့်ကြောင်း သတ်မှတ်ထားသည့်စံနှုန်းတစ်ရပ်ဖြစ်ပါသည်။**

**ကောင်းမွန်သော SSG မှာ တန်ဖိုးများနှင့် ပတ်သက်ပါသည်** - နိုင်ငံ၏ အခင်းအကျင်းတစ်ရပ်တွင် လုံခြုံရေးအား ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲပေးမှုနှင့် ကြီးကြပ်ပေးမှုတို့အပေါ်တွင် ကောင်းမွန်သည့် အုပ်ချုပ်မှုအခြေခံမှုများက သက်ရောက်စေရန် သီးသန့် အလေးပေးပါသည်။ ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု စသည်တို့၏ မူဘောင်တစ်ခုအတွင်းမှ နိုင်ငံ၏ လုံခြုံရေးကဏ္ဍအား မည်ကဲ့သို့ ပိုမိုထိရောက်အောင်နှင့် တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရမည်ကို ကောင်းမွန်သော SSG အယူအဆက ဖော်ပြပါသည်။

**SSG ဆိုသည်မှာ ဆန်းစစ်သည့် အယူအဆဖြစ်ပါသည်** - ယင်းက လုံခြုံရေးကဏ္ဍသည် ကောင်းမွန်သော အုပ်ချုပ်မှု အခြေခံမှုများ သို့မဟုတ် ဒီမိုကရေစီ အခြေခံမှုများအတိုင်း ဆောင်ရွက်ခြင်းရှိမရှိကို အကဲဖြတ်သုံးသပ်မှုမပြုပါ၊ ထို့ပြင် ယင်းသည် မည်သည့် သတ်မှတ်ချက်များ သို့မဟုတ် တန်ဖိုးများ ကိုမျှဆောင်ရွက်ရန် အခြေခံထားခြင်းမဟုတ်ပါပဲ၊ SSG သည် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကဏ္ဍ အခြေအနေအခင်းအကျင်းအတွင်း လုပ်ပိုင်ခွင့်နှင့် အာဏာကို ကျင့်သုံးခြင်းကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။

**လုံခြုံရေးအား အုပ်ချုပ်မှုဆိုသည်မှာ ပိုမိုယေဘုယျဆန်သည့် SSG အမျိုးဘာသာကွဲ တစ်ခုဖြစ်ရာ** ယင်းသည်လည်း လုပ်ပိုင်ခွင့် နှင့် အာဏာကျင့်သုံးမှုအား ဖော်ပြပေးသော်လည်း နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ကျယ်ပြန့်သည့် အခင်းအကျင်းတွင်ဖြစ်ပါသည်။ ပုံ (၂) သည် ယင်းအယူအဆ သုံးမျိုးအကြား ကွဲပြားမှုများကို အကျဉ်းချုံးဖော်ပြပေးပါသည်။

### ပုံ (၂) လုံခြုံရေးဆိုင်ရာအပေါ်တွင် အုပ်ချုပ်ပုံ ကွာခြားမှုများ၊ SSG နှင့် ကောင်းမွန်သော SSG

| လုံခြုံရေးအား အုပ်ချုပ်မှု | လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု | လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့် အုပ်ချုပ်မှု |
|---|---|---|
| ပို၍ ယေဘုယျဖြစ် | | ပို၍ တိကျ |
| | **အယူအဆ မျိုးကွဲ** | |
| ဆန်းစစ်ခြင်းအယူအဆ - နယ်မြေအဆင့်၊ နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်များတွင် မည်သူက အင်အားသုံးသည်၊ မည်သို့သုံးသည်၊ အဘယ်ရည်ရွယ်ချက်ကြောင့် သုံးသည်ကိုဖော်ပြပါသည်။ | ဆန်းစစ်ခြင်း အယူအဆ - နိုင်ငံ၏ အခင်းအကျင်း တစ်ခုတွင် နိုင်ငံ၏လုံခြုံရေးအား ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုဆိုင်ရာ စည်းမျဉ်းများ၊ ဖွဲ့စည်းပုံများနှင့် လုပ်ငန်းအဆင့်ဆင့် တို့ကို ဖော်ပြပေးပါသည်။ | သတ်မှတ်ချက် အယူအဆ - နိုင်ငံအခင်းအကျင်း တစ်ခုတွင် ကောင်းစွာအုပ်ချုပ်မှုခံရသည့် လုံခြုံရေးကဏ္ဍဖြစ်ရန်အတွက် အခြေခံမှုများနှင့် ကော်းမွန်သည့်အလေ့အထများကို လုပ်ဆောင်နိုင်ရန်ဖော်ပြပေးထားသည်။ |
| | **ခွဲခြမ်းစိတ်ဖျာလေ့လာရာ ဦးတည်ချက်** | |
| အင်အားကို မည်သို့ အဘယ်ကြောင့် အသုံးပြုပြီး ထိန်းကျောင်းမှုပြုရာတွင် ပတ်သက်ဆောင်ရွက်သူမည်သူမဆိုက တရားဝင်အဖြစ် သို့မဟုတ် အလွတ်သဘောအဖြစ်၊ နိုင်ငံအနေနှင့် သို့မဟုတ် နိုင်ငံအနေဖြင့်မဟုတ်၊ အများပြည်သူဆိုင်ရာ သို့မဟုတ် စီပွားဖြစ် စသည်ဖြင့်။ | နိုင်ငံ၏ အခြေအနေတစ်ရပ်တွင် အများပြည်သူဆိုင်ရာ၊ ပုဂ္ဂလိကနှင့် စီပွားဖြစ် ဆောက် ရွက်လုပ်ကိုင်သူများပါဝင်သော နိုင်ငံ၏ လုံခြုံရေးကဏ္ဍက အဘယ်သို့နှင့် အဘယ်ကြောင့် အင်အားကိုအသုံးပြုပြီး ထိန်းကျောင်းသနည်း။ | နိုင်ငံအခင်းအကျင်းတစ်ခုတွင် လုံခြုံရေးကဏ္ဍအား နိုင်ငံအနေဖြင့်နှင့် နိုင်ငံအနေဖြင့်မဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်ပေးသူများက ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူများအားလုံးနှင့် လူ့အသိုက်အဝန်းများအားလုံးအတွက် လူ့အခွင့်အရေးအားလေးစားမှု အတိုင်းအတာ။ |
| | **လုံခြုံရေးအမျိုးအစား** | |
| နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်များရှိ မည်သည့်လုံခြုံရေးအမျိုးအစားမဆိုအား အလေးပေးကောင်းပေးနိုင်ပါသည်။ | နိုင်ငံ၏ အခြေအနေတစ်ရပ်တွင် နိုင်ငံနှင့် လူသားတို့၏ လုံခြုံရေးကို အလေးပေးပါသည်။ | ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူများအားလုံးနှင့် လူ့အသိုက်အဝန်းများအားလုံးအတွက် လူ့အခွင့်အရေးအားလေးစားမှု စသည့်တို့အား ခိုင်မာစေခြင်းအားဖြင့် လူသားများနှင့် နိုင်ငံ၏ လုံခြုံရေးအား တိုးတက်စေရန် အလေးပေးပါသည်။ |

## ကောင်းမွန်သော SSG ၏ စံပြအသွင်လက္ခဏာများကား အ ဘယ်နည်း?

လုံခြုံရေးကဏ္ဍအပေါ်တွင် ကောင်းမွန်သော အုပ်ချုပ်မှု အခြေခံမှုများ သက်ရောက် မှုရှိသောအခါ နိုင်ငံမှ ပြည်သူလူထုအတွက် လုံခြုံရေးကို ဒီမိုကရေးစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု မူဘောင်တစ်ခုအတွင်းမှ ထိထိရောက်ရောက် တာဝန်ခံမှုဖြင့် ဆောင်ကျဉ်းပေး နိုင်မည်ဖြစ်ပါသည်။ **ကောင်းမွန်သော SSG ဆိုသည်မှာ အခြေမူများကို စုစည်း ထားမှုဖြစ်ပြီး အဖွဲ့အစည်းဆိုင်ရာ သတ်မှတ်ပုံစံတစ်ခုမဟုတ်ပါ၊ ထို့ကြောင့် ကောင်းမွန်သော အုပ်ချုပ်မှု၏ တူညီသည့် အဓိက အခြေခံမှုများသည် လုံခြုံရေးကဏ္ဍ တစ်ခုတိုင်းစီအတွက် ကွဲပြားခြားနားစွာ သက်ရောက်ပါသည်။** ကောင်းမွန်သော SSG အား ဖန်းတီးထူထောက်ရန် လုံခြုံရေးအရ ခြိမ်းခြောက်မှုများနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များ အပြောင်းအလဲရှိတိုင်း အစဉ်အမြဲ တစိုက်မတ်မတ် ချိန်ညှိပြောင်းလဲပေးရမည့် ကိစ္စတစ်ခုသာ လျင်ဖြစ်ပါသည်။ **တိုးတက်ရန် မလိုအပ်သည့် မည်သည့်လုံခြုံရေးကဏ္ဍတစ်ခုတစ်လေမျှမရှိပါ။** ထူးခြားကွဲပြားသည့် ခြောက်လှန့်မှုနှင့် လိုအပ်ချက်များကို လုံခြုံရေးကဏ္ဍတိုင်းကြုံတွေ့ရမည်ဖြစ်သော်လည်း ကောင်းမွန်သည့် SSG ၏ အဖွဲ့အစည်းဆိုင်ရာ စံပြဖြစ်သည့် အင်္ဂါရပ်များ အချို့ရှိပါသည်(ပုံ(၃)ကိုကြည့်ပါ)။

**ပုံ(၃)** **ကောင်းမွန်သော SSG ၏ အဖွဲ့စည်းဆိုင်ရာ စံပြ အင်္ဂါရပ်များ**

**အင်းအားအသုံးပြုခြင်းအား ဥပဒေမူဘောင်တစ်ရပ်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါသည်**

နိုင်ငံ၏ကိုယ်စား အင်အားအသုံးပြုခြင်းသည် တရားဘောင်တွင်းဝင်သောအခါ၊ ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ ကြီးကြပ်မှုနှင့် ဒဏ်ပေးအရေးယူမှုများအတွက် စသည့် စနစ်ယန္တရားများအပါအဝင် နိုင်ငံပိုင်နှင့် နိုင်ငံပိုင်မဟုတ်သော ပတ်သက်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ အနက်ဖွင့်ဖော်ပြထားသောအခါတွင် အများပြည်သူသိရှိထားသောဥပဒေများ၊ မူဝါဒများ နှင့် မဟာဗျူးဟာများသည် စတင်ကာအသက်ဝင်လာပါသည်။

**လုံခြုံရေးအား ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့သည် အဖွဲ့အစည်းအပေါ်တွင်အခြေခံရပါသည် (ပုဂ္ဂိုလ်ရေးအပေါ်တွင်မဟုတ်ပါ)**

တာဝန်ခံမှုရှိသည့် ပွင့်လင်းမြင်သာသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုအား ကျင့်သုံးသည့်အပြင် လူ့အခွင့်အရေးအားအားပေးသည့် ဒီမိုကရေစီနည်းကျတရားဝင်အဖွဲ့အစည်းများမှဖြစ်ကြသော ရွေးကောက်ခံ သို့မဟုတ် တော်မှန်စွာ ခန့်အပ်ခံထားရသော အရပ်ဘက်အာဏာပိုင်များက လမ်းညွှန်မှုပေးခြင်း၊ စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ခြင်း လုပ်ငန်းစဉ်များအား ချမှတ်ပါသည်။ ထိန်းကျောင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် ပြည်သူ့အာဏာပိုင်တစ်ဦး၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားက အကြောင်းအရင်းတစ်ခုမဟုတ်ပါ။

**လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများတွင် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာနှင့် ရေရှည်အတွက်အကျိုးရှိရှိ ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်သောစွမ်းရည်ပြည့်ဝပါသည်**

နိုင်ငံနှင့် ပြည်သူလူထုအတွင်းပါဝင်ကြသော လူတစ်ဦးချင်းစီ၊ လူမှုအသိုက်အဝန်းများတို့၏ စစ်မှန်သော လုံခြုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သော ဖွဲ့စည်းတည်ဆောက်မှုများ၊ ဝန်ထမ်းများ၊ ပစ္စည်းများနှင့် အရင်းအမြစ်များ လုံခြုံရေးကဏ္ဍတွင် ရှိပါသည်။

**အမျိုးမျိုးသော ပုဂ္ဂလိကနှင့် ပြည်သူပိုင် လုံခြုံရေးဆောင်ရွက်သူများ၏ လုပ်ပိုင်ခွင့်များနှင့် အထူးလုပ်ငန်းတာဝန်တို့မှာ ရှင်းလင်းပြီး သီးခြားစီဖြစ်ပါသည်**

လုံခြုံရေးကဏ္ဍတွင်း ဆောင်ရွက်လုပ်ကိုင်နေသူအဖွဲ့များအကြား အပြန်အလှန်အကျိုးသက်ရောက်စေရန်၊ ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် မရှင်းမလင်းမဖြစ်သော ပွင့်လင်းမြင်သာသည့် အစီအစဉ်များကို အဖွဲ့များ၏ တရားဝင်အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအရ သတ်မှတ်ပြဌာန်းပါသည်။

**ပြည်သူ့ဝန်ထမ်းရွက်ခြင်း ယဉ်ကျေးမှုတစ်ခုအရ လုံခြုံရေးကဏ္ဍသည် လည်ပတ်လှုပ်ရှားပါသည်**

၎င်းတို့တာဝန်၏ကဏ္ဍရပ်တိုင်းတွင် စည်းလုံးမှု၊ တည်ကြည်မှု၊ စည်းကမ်းသေဝပ်မှု၊ ဘက်လိုက်ခြင်းကင်းမှု၊ တန်းတူညီမျှမှုနှင့် လူတိုင်းနှင့် ၎င်းလူမှုအသိုက်အဝန်းများ၏ လူ့အခွင့်အရေးအား လေးစားမှု စသည်တို့ကို လုံခြုံရေးကဏ္ဍအား ဆောင်ရွက်လုပ်ကိုင်သူများက အားပေးပါသည်။

## ညံ့ဖျင်းသော SSG ကအဘယ်သို့သော ပြဿနာအခက်အခဲများကို ဖြစ်စေသနည်း?

**လုံခြုံရေးကဏ္ဍအား ညံ့ဖျင်းသောအုပ်ချုပ်မှုသည် နိုင်ငံတစ်နိုင်ငံအတွင်းတွင် လုံခြုံရေးအား ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့တွင် ကောင်းမွန်သော အုပ်ချုပ်မှု အခြေခံမှုများကို သက်ဝင်စေရန် မတတ်နိုင်သည့်အတွက် ရလဒ်အနေဖြင့် ရရှိလာခြင်းဖြစ်ပါသည်။** လူပုဂ္ဂိုလ်များအတွက်နှင့် လူမှုအသိုက်အဝန်းများအတွက် ထို့ပြင် လုံခြုံရေးကဏ္ဍ၏ ကိုယ်၌အတွက် များပြားလှသော ပြဿနာများကို ညံ့ဖျင်းသည့် SSG က ဖြစ်ပေါ်စေပါသည်။

**ညံ့ဖျင်းသော SSG က လုံခြုံရေးကဏ္ဍအတွက် အဖွဲ့စည်းဆိုင်ရာပြဿနာများကို အသေအချာပင် ဖြစ်ပေါ်စေပါသည်။** လုံခြုံရေးကဏ္ဍတွင် ထိရောက်သော ကြီးကြပ်မှု၊ ပွင်းလင်းမြင်သာမှုနှင့် တာဝန်ခံခြင်းတို့ ပျောက်ဆုံးနေခြင်းက ပပျောက်ရန်ခက်ခဲသော အကျင့်ပျက်ခြစားမှုများကို ဖြစ်ပေါ်စေရာ အကြောင်းမှ လုံခြုံရေးတပ်ဖွဲ့များ၏ အဖွဲ့ဝင်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများရှိ အရပ်ဘက်ပုဂ္ဂိုလ်များက ကိုယ်ကျိုးစီးပွားများကိုရှာလာကြသည့်အတွက်ဖြစ်ပါသည်။ ထိရောက်မှုမရှိသော ကြီးကြပ်မှုနှင့် မထိရောက်သည့်တာဝန်ခံမှုများက လုံခြုံရေးကဏ္ဍအပေါ် အရပ်ဘက်မှ အခွင့်အာဏာအားဖျက်လိုဖျက်ဆီးပြုသည့်သူများ၏ နိုင်ငံရေးအရ ဝင်ရောက်နှောက်ယှက်ခံရမည့်ရန်မှမကင်းနိုင်ပဲ အာဏာရှင်ဆန့်သည့် ထင်ရာမြင်ရာ မူဝါဒများချမှတ်ခြင်းရန်အောက်သို့လည်းကျရောက်ကိန်းမြင့်မားပါသည်။ လုံခြုံရေးကဏ္ဍအတွင်း အကျိုးစီးပွားချပေးခြင်းနှင့် ကျယ်ပြန့်လာသော အစိုးရအဖွဲ့ တို့သည် လုံခြုံရေးအင်အားများကို အဆမတန်တိုးပွားစေကာ နိုင်ငံအတွက် ဘဏ္ဍာရေးအရ ဝန်ထုပ်ဝန်ပိုးကို ဖြစ်ပေါ်စေပါသည်။ လုံခြုံရေးစီမံချက်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ မရှိခြင်းသည်လည်း နိုင်ငံ၏လုံခြုံရေးနှင့် ကာကွယ်ရေးစွမ်းရည်များကို အဆင့်နိမ့်ပါးစေနိုင်ကာ၊ ထို့ပြင် ညံ့ဖျင်းသည့် ပြည်တွင်းလုံခြုံရေးကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယင်းအားနည်းချက်များသည် လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို ဆောင်ရွက်ပေးရန် မတတ်စွမ်းတော့သည့် အနေအထားသို့ကျရောက်စေခြင်းအားဖြင့် နိုင်ငံအား အန္တရာယ်ဖြစ်စေပါသည်။ လုံခြုံရေးလုပ်ငန်းအတွင်းမှ ဝန်ထမ်းများအတွက်လည်း ညံ့ဖျင်းသည့် SSG ကြောင့် အလုပ်သစ်ရှာဖွေရေးများတွင် ကန့်သတ်မှုများဖြစ်စေရာတွင် အကြောင်းရင်းမှာ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုမရှိခြင်း၊ လုပ်ငန်းအားလုပ်ကိုင်ဆောင်ရွက်ရာတွင် ညံ့ဖျင်းပြီးမှိုင်းမိနေခြင်း၊ အကျင့်ပျက်ခြစားခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးအခြေခံသည့် ရာထူးတိုးမြှင့်ရေးမှုတို့ကြောင့်ဖြစ်ပါသည်။ ဥပမာ အမျိုးသမီးများအပေါ်၊ ဘာသာရေးအပေါ် သို့မဟုတ် လူနည်းစုလူမျိုးများအပေါ် - ခွဲခြားဆက်ဆံခြင်း၏ရလဒ်အနေဖြင့် လုံခြုံရေးကဏ္ဍသည် အကောင်းဆုံးလူအားမရွေးချယ်နိုင်တော့ပါ သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်ကို အကောင်းဆုံးအသုံးချနိုင်ခြင်း ရှိမည်မဟုတ်ပါ။ လုံခြုံရေးတပ်ဖွဲ့အင်အားများအနေဖြင့် ပြည်သူလူထုအတွင်း ၎င်းတို့ကိုယ်တိုင်သည် တရားနည်းလမ်းမကျတရားမဝင်သည့်အတွက်ကြောင့် လုံခြုံရေးလုပ်ငန်းသည် လေးစားမှု နှင့် လူအဖွဲ့အစည်းတွင်း ရပ်တည်မှုအခြေအနေ စသည်တို့ကို ဆုံးရှုံးပါသည်။

**ညံ့ဖျင်းသော SSG သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူအဖွဲ့အစည်း တည်ငြိမ်မှုတို့ကို ခြိမ်းခြောက်အန္တရာယ်ပေးပါသည်။** ထိရောက်ပြီး စွမ်းရည်ပြည့်ဝသော်လည်း ဒီမိုကရေးစီနည်းကျသည့် အရပ်ဘက်ထိန်းချုပ်မှု ပျောက်ဆုံးနေသော လုံခြုံရေးကဏ္ဍသည် အာဏာရှင်အုပ်ချုပ်ရေးအတွက် အထောက်အကူပြုစနစ်ယန္တရားတစ်ခု ဖြစ်လာနိုင်ပါသည်။ ဒီမိုကရေစီကို လျှော့ပါးစေသည့်လုပ်ရပ်ဖြစ်သည့် စီးပွားရေး သို့တည်းမဟုတ် နိုင်ငံရေးအခန်းကဏ္ဍကို ယင်းလုံခြုံရေးကဏ္ဍက ရယူနိုင်ပြီး၊ အာဏာရှင်ဆန်သည့် ထင်ရာမြင်ရာ မဝါဒချမှတ်ခြင်း၊ အခွင့်အာဏာကိုတလွဲသုံးခြင်းနှင့် အလုပ်မဖြစ်သည့် ဥပဒေပြုရေးစနစ်တို့ကို ဖြစ်စေပါသည်။ ပြစ်ဒဏ်မှကင်းလွတ်သည့် အနေအထားပတ်ဝန်းကျင်တွင် လုပ်ငန်းလုပ်ဆောင်သည့်၊ ဒီမိုကရေစီနည်းအရ ကြီးကြပ်ထိန်းချုပ်မှု အခြေခံမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားမှုမရှိသော လုံခြုံရေးကဏ္ဍသည် အများပြည်သူနှင့် လူမှုအသိုက်အဝန်းအတွက် လက်ခံနိုင်သောတရားဝင်ကာကွယ်မှုကို မပေးစွမ်းနိုင်ပါ။ ယင်းကဲ့သို့သော အခြေအနေများအောက်တွင် လုံခြုံရေးအဖွဲ့အစည်းများသည် အကျင့်ပျက်ခြစားခြင်းနှင့် လူ့အခွင့်အရေးအားချိုးဖောက်ခြင်းတို့ဖြစ်လာနိုင်ကာ ပြည်သူလူထုနှင့် နိုင်ငံတိုးတက်မှုကို အန္တရာယ်ဖြစ်စေပါသည်။ မတရားမှုပြုခြင်း ပြစ်ပယ်ခြင်း စသည့် ခွဲခြားဆက်ဆံခြင်းများအားဖြင့် လုံခြုံရေးအဖွဲ့အစည်းများသည် ပြည်သူလူထု၏ အချို့သောနေရာနယ်ပယ်များတွင် အခြေခံလုံခြုံမှုပေးရန် ပျက်ကွက်ပါသည် - ဥပမာ အမျိုးသမီးများ၊ လူမျိုးစုတစ်စု သို့မဟုတ် ဘာသာရေးအုပ်စုတစ်ခုနှင့် အခြားသောအလားတူသူများ ဖြစ်ကြပါသည်။ ယင်းကဲ့သို့သောကိစ္စများတွင် ပြည်သူလူထုတွင် ဥပဒေစိုးမိုးကာ အေးချမ်းတည်ငြိမ်မှုစံနှုန်းများ တိုက်စားပျက်စီးလာကာ စီးပွားရေးလုပ်ဆောင်မှုတွင်လည်း ယိုစီးမှုများမြင့်မားလာပါသည်။ **အားလုံးပေါင်းလိုက်ပါက SSG ကြောင့်ဖြစ်ပေါ်လာသော စနစ်ယိုယွင်းမလည်ပတ်မှုသည် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးအားနဲ့မှု၊ သီးခြားလူအုပ်စုများ သိုမဟုတ် လူ့အသိုက်အဝန်းအား မတားမြစ်နိုင်သည့် စော်ကားခြင်း သို့မဟုတ် မတရားပြုခြင်း၊ လူတစ်ဦးချင်းအဆင့် နှင့် ရပ်ရွာအဆင့်တို့တွင် အခြေခံလုံခြုံရေးတို့ ပျောက်ဆုံးခြင်း၊ ပစ်မှုကျူးလွန်မှုနှုန်းနှင့် အကြမ်းဖက်သည့် ပဋိပက္ခဖြစ်ပွားမှုနှုန်းများ မြင့်များလာခြင်းတို့ကို မွေးမြူပေးနိုင်ပါသည်။**

**ကောင်းမွန်သော SSG နှင့် အင်အားတရားဝင်အသုံးပြုခြင်းကို နိုင်ငံက တစ်ဦးတည်းချုပ်ကိုင်ခြင်း** ကောင်းမွန်သော SSG သည် အင်အားတရားဝင်အသုံးပြုခြင်းကို နိုင်ငံက တစ်ဦးတည်းချုပ်ကိုင်ခြင်း အယူအဆကို အခြေခံထားခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ လူများကျင့်ကြံပြုမူရမည့် စည်းမျဉ်းများကို ထိန်းသိမ်းရန် နိုင်ငံသည်သာ လူအဖွဲ့အစည်းတစ်ခုတွင်း စည်းမှ တစ်ခုတည်း သော အင်အား (သို့မဟုတ် အင်အား၏ ခြောက်လှန့်မှု) ကိုအသုံးပြုနိုင် သည့်အခွင့်အရေးရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟူ၍ဖြစ်ပါသည်။

အင်အားတရားဝင်အသုံးပြုခြင်းကို နိုင်ငံက တစ်ဦးတည်းချုပ်ကိုင်ခြင်းသည် နိုင်ငံသည်သာ အင်အားအသုံးပြု၍ ဆောင်ရွက်လုပ်ကိုင်သည် သို့တည်းမဟုတ် လူ့အဖွဲ့အစည်းတစ်ခုအတွင်း နိုင်ငံသည်သာ တရားနည်းလမ်းကျသော အာဏာပိုင်ဖြစ်သည်ဟု ဆိုလိုနေခြင်းမဟုတ်ပါ။ ဆိုလိုနေသည်မှာ နိုင်ငံသည် ပြည်သူလူထုအကျိုးစီးပွားအတွက် အင်အားကို မည်သည့်အချိန်တွင် မည်သို့အားဖြင့် တရားနည်းလမ်းကျစွာ အသုံးပြုမည်ကို ဆုံးဖြတ်ပေးသည့် နိုင်ငံရေးအာဏာပိုင်သည့် တစ်ခုသောအဖွဲ့အစည်းဖြစ်သည်ဟူ၍ဖြစ်ပါသည်။

**ကောင်းမွန်သော SSG ရှုထောင့်မှကြည့်လျှင်၊ အင်အားအသုံးပြုခြင်းကို နိုင်ငံက တစ်ဦးတည်းချုပ်ကိုင်ခြင်းသည် တရားနည်းလမ်းဘောင်အတွင်းဝင်သည် မဝင်သည်မှာ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအားလေးစားမှု မူဘောင်တစ်ခုအတွင်းမှ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျသည့် အရပ်ဘက်ထိန်းချုပ်မှုအပေါ်တွင် မူတည်နေပါသည်။** အင်အားအသုံးပြုခြင်းကို နိုင်ငံက တစ်ဦးတည်းချုပ်ကိုင်ခြင်းသည် ကောင်းမွန်သော SSG ၏ အဓိကအစိတ်အပိုင်းဖြစ်ပါသည်၊ အကြောင်းမှာ နိုင်ငံပိုင်နှင့် နိုင်ငံပိုင်မဟုတ်သော လုံခြုံရေးဆောင်ရွက်သူများ၏ လုပ်ငန်းဆောင်တာများသည် ယင်းစံနှုန်းများအား ပြည့်မီမှသာလျှင် တရားဘောင်အတွင်းဝင်မည်ဖြစ်ပါသည်။

**ကောင်းမွန်သော SSG အတွက် ကြီးကြပ်ထိန်းချုပ်မှု အဘယ်ကြောင့် မရှိမဖြစ်လိုအပ်ရသနည်း?** ကောင်းမွန်သော SSG သည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအားလေးစားမှု စသည့်အခြေခံမူများအတိုင်း လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ပေးခြင်းတို့အတွက် တာဝန်ဝတ္တရားကို ရှင်းလင်းစွာ တာဝန်ပေးအပ်သည့် ဥပဒေမူဘောင်တစ်ခုအပြင် အစိုးရ၏ လုံခြုံရေးမူဝါဒများနှင့် မဟာဗျူဟာများ စသည်တို့အပေါ်တွင် မူတည်နေပါသည်။ အရပ်ဘက်မှ ဒီမိုကရေစီနည်းကျသောထိန်းချုပ်မှုစနစ်က လုံခြုံရေးအဖွဲ့အစည်းများသည် ကောင်းမွန်သည့် အုပ်ချုပ်မှုအခြေခံမူများအတိုင်း ယင်းတို့၏တာဝန်ဝတ္တရားများကို ထိထိရောက်စွမ်းရည်ပြည့်ဝစွာဖြင့် ပြည့်မီအောင် ဆောင်ရွက်စေနိုင်ရန် သေချာစေပါသည်။ ကြီးကြပ်ထိန်းချုပ်မှုသည် နိုင်ငံရေးပိုင်းဆိုင်ရာများ ဝင်ရောက်အနှောက်အယှက်ပေးမှုမှ လုံခြုံရေးတပ်ဖွဲ့များကို အကာအကွယ်ပေးသကဲ့သို့ ယင်းတပ်ဖွဲ့များ၏ နိုင်ငံရေးရာများထဲ ဝင်ရောက်အနှောက်အယှက်ပေးခြင်းကိုလည်း တားဆီးပေးထားပါသည်။

လုံခြုံရေးကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ကွဲပြားကြသောကြောင့် ကောင်းမွန်သော SSG အတွက် တစ်ခုတည်းသောသတ်မှတ်ပုံစံဆိုသည်မှာလည်းရှိမနေပဲ လုံခြုံရေးကဏ္ဍအားကြီးကြပ်မှုအတွက် ဖွဲ့စည်းမှုဆိုင်ရာစနစ်များကတော့ တူညီသည့် အင်္ဂါရပ်များရှိပါသည် (ပုံ (၄) ကိုကြည့်ပါ)။

## ပုံ(၄) လုံခြုံရေးကဏ္ဍအား ကြီးကြပ်မှု စံပြ အင်္ဂါရပ်များ

**အစိုးရ** အာဏာပိုင်များက လုံခြုံရေးမူဝါဒများအား သတ်မှတ်ပြီး၊ လုံခြုံရေးလုပ်ငန်းများအပေါ်တွင် နိုင်ငံရေးအရ တိုက်ရိုက်ထိန်းချုပ်မှုအား ကျင့်သုံးပါသည်။ အစိုးရအဖွဲ့သည် အဓိကအားဖြင့် လွှတ်တော် သို့မဟုတ် ပုံမှန်ရွေးကောက်ပွဲ များမှတစ်ဆင့် ၎င်းတို့၏နိုင်ငံသားများအား တာဝန်ခံကြသလို၊ တရားစီရင်ရေး ပြန်လည်သုံးသပ်မှု၊ သတင်းမီဒီယာ နှင့် လူထုတိုင်ပင်နှီးနှောပွဲ၊ ငြင်းခုံဆွေးနွေးပွဲ တို့မှတစ်ဆင့်လည်းဖြစ်ပါသည်။

**လုံခြုံရေးလုပ်ငန်းများ** သည် အစိုးရ၏မူဝါဒများကို ဆောင်ရွက်ပြီး၊ ဥပဒေပြဋ္ဌာန်းချက်အရ ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်ကို ထမ်းဆောင် ပါသည် - အဖွဲ့စည်းတွင်းစည်းကမ်းထိန်းသိမ်းရေးစနစ်များ၊ ကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများသည် စွမ်းရည်ပြည့်ဝသည့် ထိရောက်သော လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းကို ဖြည့်ဆည်းပေးပါသည်။

**လွှတ်တော် (သို့) ဥပဒေပြုအဖွဲ့** သည် လုံခြုံရေးဥပဒေများ၊ ဘတ်ဂျက်များအား မူကြမ်းပြုစု (သို့) သဘောတူပေးကာ၊ လုံခြုံရေးလုပ်ငန်းများအား ကြီးကြပ်ထိန်းချုပ်ပေးပြီး၊ လုံခြုံရေးမူဝါဒများနှင့် လုပ်ငန်းဆောင်တာများအတွက် နိုင်ငံရေးပါတီများက စဉ်းစားသုံးသပ်နိုင်ရန် အများပြည်သူနှင့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးပါသည်။

**ဖွဲ့စည်းပုံအခြေခံအရဖြစ်သော တရားစီရင်ရေးအာဏာ** သည် လုံခြုံရေးအစပျိုးလုပ်ဆောင်မှုများသည် ထုတ်ပြန်ထားသည့် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ အမိန့်အတိုင်းလိုက်နာဆောင်ရွက်စေရန် သေချာစေပါသည်။ ဥပမာ - ဖွဲ့စည်းပုံအခြေခံတရားရုံးများ၊ ဖွဲ့စည်းပုံအခြေခံ တရားရေးအာဏာရှိသော တရားလွှတ်တော်များ (သို့) တရားရုံးချုပ်များ။

**တရားရေးစနစ်** သည် လုံခြုံရေးကဏ္ဍမှ ဥပဒေချိုးဖောက်သော အမှုထမ်းအရာထမ်းပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပိုင်းမှ ဆုံးဖြတ်ချက်ချမှတ်သူများကို ရုံးတင်စစ်ဆေးပါသည်၊ ထို့ပြင် အထူးလုပ်ပိုင်ခွင့်များအသုံးခြင်းကို စောင့်ကြည့်ထိန်းကျောင်းပါသည်၊ ဥပမာ ဝရန်းများထုတ်ခြင်းနှင့် အချို့ကိစ္စများတွင် လုံခြုံရေးမူဝါဒများ တိုးတက်မှုရှိစေရန် အကြံဉာဏ်ပေးညွှန်ကြားချက်များပြုလုပ်ပါသည်။

အမျိုးမျိုးသော **ပြဋ္ဌာန်းဥပဒေပါ အထူးအဖွဲ့အစည်းများ** သည် လုံခြုံရေးအားဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲရေး ကဏ္ဍများကို ကြီးကြပ်ပေးပါသည်– ဥပမာ လူ့အခွင့်အရေးကော်မရှင်များ၊ လွတ်လပ် သောတိုင်တန်းမှုကိုင်တွယ်ရေးအာဏာပိုင်များ၊ ပြည်သူ့ရေးရာ စုံစမ်းစစ်ဆေး ရေးအဖွဲ့များ၊ ငွေကြေးဆိုင်ရာ စာရင်းစစ် အဖွဲ့များ။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်များ၊ အခြားအလားတူအဖွဲ့များ။

**တစ်သီးပုဂ္ဂလများ၊ မီဒီယာနှင့် လူမှုအဖွဲ့အစည်းများ** သည် သုတေသန၊ ဆွေးနွေးငြင်းခုံမှု၊ ကာကွယ်ရပ်တည်ပေးခြင်းနှင့် လုံခြုံရေးလုပ်ငန်းများနှင့် အစိုးရ၏ လုံခြုံရေးမူဝါဒတွင် အရေးပါ (သို့) အထောက်ကူဖြစ်စေသည့် အခြားသော လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ၎င်းတို့၏ အများပြည်သူဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုသည် မရှိမဖြစ်လိုအပ်သည့် ကြီးကြပ်ထိန်းချုပ်မှုပုံစံကို ဖြစ်ပေါ်စေရာ အကြောင်းမှာ ယင်းသို့လုပ်ခြင်းကြောင့် အမျိုးမျိုးသော အမြင်များနှင့် လိုအပ်ချက်များကို ကိုယ်စားပြုစေပါသည်။

## ကောင်းမွန်သော SSG သည် SSR နှင့် အဘယ်သို့ ဆက်နွယ်နေသနည်း?

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံကမျှ အလုံးစုံကိုက်ညီမှုမရှိသေးသည့် စုံလင်ပြည့်စုံ သည့် မူများနှင့် ကောင်းမွန်သည့် အလေ့အထများ အစုလိုက်သည် ကောင်းမွန်သည့် SSG တွင်ပါဝင်နေပါသည်။ လက်တွေ့လုပ်ငန်းအလေ့အထများကို တိုင်းတာနိုင်ရန် လုံခြုံရေးအား ဆောက်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ထိန်းချုပ်မှုဆိုင်ရာ စံနှုန်းများကို ကောင်းမွန်သည့်အုပ်ချုပ်ရေး အခြေခံမူများက ပေးစွမ်းပါသည်။ **ကောင်းမွန်သော SSG ကို တည်ဆောက်ဖန်တီးခြင်းသည် SSR ၏ ရည်မှန်းချက်ဖြစ်ပါသည်။** SSR ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ပေးခြင်းနှင့် စီမံခန့်ခွဲပေးခြင်းတို့ကို ပို၍ထိရောက်၍ ပိုမိုတာဝန်ခံစေခြင်းအလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်မှထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ နှင့် လူသားတို့လုံခြုံရေးကို တိုးတက်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်၊ နည်းစနစ်ဆန်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။

SSR သည် လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ပေးခြင်းတို့တွင် ပါဝင်ပတ်သက်သော နိုင်ငံ့အဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ နိုင်ငံအဖွဲ့အစည်းမဟုတ်သော ဆောင်ရွက်လုပ်ကိုင်သူများနှင့်သော်လည်းကောင်း အားလုံးနှင့် သက်ဆိုင်ပြီး၊ ၎င်းပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများ နှင့် ဆောင်ရွက်ချက်များ စသည်တို့အကြားရှိ ကွင်းဆက်များကို အလေးအနက်ထားပါသည်။ SSR တွင် တရားရေးရာအတွက် ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု စသည့်ရှုထောင့်များလည်းပါဝင်လျက်ရှိပြီး၊ အကြောင်းမှာ လုံခြုံရေးနှင့် တရားရေးတို့မှာ နီးကပ်စွာဆက်နွယ်လျက်ရှိသည့်အတွက်ဖြစ်ပါသည်။

ဥပဒေပြုရေးအစပျိုးလုပ်ဆောင်မှုများ၊ ပေါ်လစီပြုစုရေး၊ အသိပညာပေးလုပ်ငန်းနှင့် လူထုအားသတင်းပြန်ကြားရေးလှုပ်ရှားမှုများ၊ စီမံခန့်ခွဲရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းများ၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြှင့်တင်ထားသည့် လေ့ကျင့်သင်ကြားပေးရေးများနှင့် ပစ္စည်းကိရိယာများ စသော လုံခြုံရေးနှင့်ပတ်သက်သည့် နိုင်ငံရေးပိုင်းဆိုင်ရာကဏ္ဍများနှင့် နည်းစနစ်ပိုင်းဆိုင်ရာကဏ္ဍများအားလုံးကို ခြုံငုံမိသည့် မြောက်များစွာသော ကွဲပြားသည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များသည် SSR တွင် ပါဝင်နိုင်ပါသည်။ **ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူသားအားလုံး၏လူ့အခွင့်အရေးအား လေးစားမှု မူဘောင်တစ်ခုအတွင်းမှ တာဝန်ခံမှုနှင့် ထိ ရောက်မှုတို့ကို တိုးတက်အောင်ဆောင်ရွက်မှသာ လုံခြုံရေးကဏ္ဍအား ပြုပြင် ပြောင်းလဲရန် ကြိုးပမ်းမှုများသည် SSR အား ဖြစ်မြောက်စေနိုင်ပါသည်။**

SSR နှင့်ပတ်သက်၍ ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအ ကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား ပြုပြင် ပြောင်းလဲရေး" ကို ကျေးဇူးပြု၍ကိုးကားပါ။

**▶ ကောင်းမွန်သော SSG နှင့် ပတ်သက်၍ နိုင်ငံတကာ သတ်မှတ်ချက်နှင့် စံနှုန်းများ** နိုင်ငံစုံနှင့် ဒေသတွင်းတို့မှ မြောက်များစွာသော အဖွဲ့အစည်းများသည် ၁၉၉၀ ခုနှစ်များမှ စတင်ကာ ကောင်မွန်သော SSG အတွက် အများလက်ခံသည့် သတ်မှတ်ချက်များ နှင့် စံနှုန်းများအား ရေးဆွဲရာတွင် ပါဝင်ခဲ့ကြရာ၊ ယင်းတို့တွင် **ဥပရောပတွင်း လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အဖွဲ့အစည်း (OSCE) ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (OECD) ဖွံ့ဖြိုးမှုထောက်ကူပေးရေးကော်မတီ၊ ဥရောပသမဂ္ဂ (EU)၊ ဥရောပကောင်စီလွှတ်တော်၊ အာဖရိကသမဂ္ဂ(AU)၊ အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအသိုက်အဝန်း (ECOWAS)၊ UN system** မှ အေဂျင်စီအဖွဲ့များ စသည်တို့ပါဝင်ကြပါသည်။ ကုလသမဂ္ဂအထွေအထွေအတွင်းရေးမှူးချုပ်၏ ၂၀၀၈ နှင့် ၂၀၁၃ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီရင်ခံစာများက ကောင်းမွန်သော SSG အခြေခံမူများကို အသိအမှတ်ပြုထောက်ခံမှုပေးကာ AU နှင့် ECOWAS နှစ်ဖွဲ့စလုံးမှလည်း ဒေသတွင်း ကျင့်သုံးနိုင်သည့် ကောင်းမွန်သော SSG အတွက် သတ်မှတ်ချက်များနှင့် စံနှုန်းများကို ဖော်ထုတ်ရေးဆွဲခဲ့ပါသည်။

## Further resources

*For a fuller introduction to the concept of security sector governance:*

- Heiner Hänggi
  **Making Sense of Security Sector Governance**
  in Heiner Hänggi and Theodor H. Winkler (eds), Challenges of Security Sector Governance (Munster: LIT Verlag, 2003).

- Nicole Ball
  **Reforming Security Sector Governance**
  Conflict, Security & Development, 4(3), 2004.

- Funmi 'Olonisakin
  **Reforming Security Sector Governance: Comment on Nicole Ball's Paper**
  Conflict, Security & Development, 4(3), 2004.

- United Nations Development Programme
  **Democratizing Security to Prevent Conflict and Build Peace**
  in Human Development Report 2002. Deepening Democracy in a Fragmented World (New York and Oxford: Oxford University Press, 2002, pp. 85–100).

- Gavin Cawthra and Robin Luckham
  **Governing Insecurity: Democratic Control of Military and Security Establishments in Transitional Democracies**
  (London: Zed Books, 2003).

*For more on applying the principles of good governance to the security sector:*

- UN SSR Taskforce
  **Democratic Governance of the Security Sector**
  in Security Sector Reform Integrated Technical Guidance Notes (United Nations, 2012, pp. 91-116).

- OECD Development Assistance Committee
  **Section 7.1: Democratic Oversight and Accountability**
  in OECD DAC Handbook on Security System Reform: Supporting Security and Justice (Paris: Organisation for Economic Cooperation and Development, 2007, pp. 112-123).

- Nicole Ball, Tsjeard Bouta and Luc van de Goor
  **Enhancing Democratic Governance of the Security Sector: An Institutional Assessment Framework**
  The Hague: Ministry of Foreign Affairs of the Netherlands, 2003.

## More DCAF SSR resources

- DCAF publishes a wide variety of tools, handbooks and guidance on all aspects of SSR and good SSG, available free-for-download at **www.dcaf.ch**
  Many resources are also available in languages other than English.

- The DCAF-ISSAT Community of Practice website makes available a range of online learning resources for SSR practitioners at **http://issat.dcaf.ch**

**Geneva Centre for the Democratic Control of Armed Forces (DCAF)** သည် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများကို ကောင်းမွန်သောအုပ်ချုပ်မှုကို လက်ကိုင်ပြုလုပ်ဆောင်ရွက်ရေးနှင့် လုံခြုံရေး ကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတို့ကို ကူညီပံ့ပိုးရန် ရည်ရွယ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ DCAF သည် သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်း များကို ဖန်တီးပြုလုပ်ခြင်းနှင့် မြှင့်တင်ပေးခြင်း၊ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိသော မူဝါဒများဖြစ်ပေါ်လာရေး အတွက် သုတေသနပြုခြင်း၊ ဒီမိုကရေစီစံနှုန်းနှင့် အညီဖြစ်သော လုံခြုံရေးကဏ္ဍအား စီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန်အတွက် ကောင်းမွန်သော အလေ့အကျင့်များနှင့် အကြံပြုချက်များကို ခွဲခြားရွေးထုတ်ပေးခြင်းနှင့် နိုင်ငံအတွင်းသို့သွားရောက်၍ အကြံပြုချက်ပေးခြင်းဖြင့် ကူညီထောက်ပံ့ခြင်းနှင့် လက်တွေ့အသုံးချမှုအတွက် ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို စီစဉ်လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

ထုတ်လုပ်မှုနှင့် ဒီဇိုင်းပုံစံအတွက် လုပ်ဆောင်ပေးသော Petra Gurtner
အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်ပေးသော
Cherry Ekins
ပြင်သစ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်မှုပေးသော
Lynda Chenaf
ပြင်သစ်ဘာသာသို့ဘာသာပြန်ဆိုပေးသော Linda Machata နှင့်
App ရေးဆွဲဖန်တီးပေးသော Fernando Colaco တို့အား **DCAF မှကျေးဇူးတင်ရှိပါသည်။**

**အကြောင်းအရာစဉ်ကိုတည်းဖြတ်သူ**
Fairlie Chappuis

**ဤပုံနှိပ်ထုတ်ဝေမှုကို အကိုးအကားပြုလုပ်ရန်**
Geneva Centre for the Democratic Control of Armed Forces, “Parliaments”, SSR Backgrounder Series (Geneva: DCAF, 2015)

© DCAF ၊ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်များကို www.dcaf.ch တွင်အခမဲ့ရယူနိုင်ပါသည်။ ရယူအသုံးပြုသူများသည် ဤအချက်အလက်ကို မိတ္တူပွားဖြန့်နိုင်သော်လည်း DCAF မှရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြရမည်ဖြစ်သည်။ အကျိုးစီးပွားရှာရန် အတွက် အသုံးချမှုမပြုရ။

## Notes

DCAF

a centre for security,
development and
the rule of law

Geneva Centre for the Democratic Control
of Armed Forces (DCAF)
P. O. Box 1360
CH-1211 Geneva 1
Switzerland

Read the SSR Backgrounders online or
download the free SSR Backgrounders app
for smartphones and tablets at
**www.ssrbackgrounders.org**